အာအက်ဖ်အေ

၂၀၀၄-၀၂-၀၈ (ညပိုင်း)

## NLDပါတီ ရန်ကုန်ကြည့်မြင်တိုင်မြို့နယ် ဥက္ကဌ ဦးမြင့်အေးနဲ့ စည်းရုံးရေးကော်မတီဝင် ဦးတင်မောင်ကြည်တို့ နှစ်ဦးအား အင်းစိန်ထောင် ပို့လိုက်ပြီ

ပြီးခဲ့တဲ့ လကုန်ပိုင်းက ဖမ်းဆီးခံခဲ့ရတဲ့ အန်အယ်လ်ဒီပါတီ ရန်ကုန်ကြည့်မြင်တိုင်မြို့နယ် ဥက္ကဌ ဦးမြင့်အေးနဲ့ စည်းရုံးရေး ကော်မတီဝင် ဦးတင်မောင်ကြည်တို့ နှစ်ဦးကို အင်းစိန်ထောင်ကို ပို့လိုက်ပြီဖြစ်ကြောင်း သတင်း ရရှိပါတယ်။ ဒီအကြောင်း နဲ့ပတ်သက်လို့ ရန်ကုန်တိုင်း အန်အယ်လ်ဒီလူငယ်အဖွဲ့ဝင်တစ်ဦးနဲ့ ဆက်သွယ်မေးမြန်းပြီး အာအက်ဖ်အေသတင်း ထောက် ဦးသစ်ထူးလွင်က အခုလိုသတင်းပေးပို့ထားပါတယ်ရှင်။

ကြည့်မြင်တိုင်မြို့နယ် အန်အယ်လ်ဒီဥက္ကဌ ဦးမြင့်အေးနဲ့ စည်းရုံးရေးကော်မတီဝင် ဦးတင်မောင်ကြည်တို့ နှစ်ဦးကို နအဖစစ်ထောက်လှမ်းရေးက ဖမ်းဆီးသွားတဲ့အကြောင်း အာအက်ဖ်အေက ထုတ်လွှင့်ခဲ့ပြီးဖြစ်ပါ တယ်။ သူတို့နှစ်ဦးကို (၂၀၀၁)ခုနှစ်တုန်းက အန်အယ်ဒီပါတီ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကနေရေးခိုင်းတဲ့ လူငယ် စာစောင်အတွဲ ၁၊ ၂၊ ၃ နဲ့ပတ်သက်ပြီး ပုံနှိပ်ဥပဒေနဲ့ ဖမ်းဆီးခဲ့တာဖြစ် ကြောင်း စုံစမ်းသိရှိရပါတယ်။ အဲဒီစာစောင် တွေကို ကြည့်မြင်တိုင်မြို့နယ် ဥက္ကဌ ဦးမြင့်အေးကနေ ရွှေနှလုံး သားစာအုပ်တိုက် ပိုင်ရှင်လည်းဖြစ်၊ စည်းရုံးရေးကော်မတီဝင် တစ်ဦးလည်းဖြစ်တဲ့ ဦးတင်မောင်ကြည်ဆီမှာ တရားမဝင် ပုံနှိပ်ထုတ်ဝေခဲ့တယ်လို့ နအဖစစ်ထောက်လှမ်းရေးက စွပ်စွဲထား တယ်လို့ ဆိုပါတယ်။ သက်သေခံပစ္စည်းတွေ အဖြစ်နဲ့ တရားဝင် မှတ်ပုံတင်လုပ်ကိုင်နေတဲ့ ဦးတင်မောင်ကြည်ရဲ့ ရွှေနှလုံးသား ပုံနှိပ်တိုက်က ပစ္စည်းတွေနဲ့ အန်အယ်လ်ဒီရုံးဖွင့်ထားတဲ့ ဦးမြင့်အေးအိမ်က လူငယ်စာစောင်တွေကို စစ်ထောက်လှမ်းရေးက လာရောက်သိမ်းယူသွားတဲ့ အကြောင်းလည်း သိရပါတယ်။ ဒီအကြောင်းတွေနဲ့ ပတ်သက်လို့ အမည်မဖော်လိုတဲ့ ရန်ကုန်တိုင်း အန်အယ်လ်ဒီလူငယ်အဖွဲ့ဝင်တစ်ဦးက အာအက်ဖ်အေကို အခုလိုပြောပြပါတယ်။

**ဖြေ။** ။ အဲဒီဖမ်းဆီးတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ ဖေဖော်ဝါရီလ (၅) ရက်နေ့မှာ ဦးတင်မောင်ကြည်ရဲ့ နေအိမ်ကနေပြီး တော့ ကွန်ပြူတာနှစ်လုံးရယ်၊ Printer တစ်လုံးရယ်၊ သူကလက်ရှိ ရွှေနှလုံးသားစာအုပ် တိုက် ထုတ်နေတာဆိုတော့ အဲဒီက လက်ရှိထုတ်နေဆဲ စာအုပ်တွေပေါ့၊ တရားဝင် ပုံနှိပ်ခွင့်ရပြီးသား စာအုပ်တွေ၊ ဆင်ဆာရပြီးသား အဲဒီစာအုပ် တွေကို ဓါတ်ပုံရိုက်ပြီးတော့ သိမ်းဆည်းသွားတယ်။ တစ်ခါ ဦးမြင့်အေးနေအိမ်မှာ Libraryမှာ ရှာဖွေရေးလုပ်ပြီးတော့ ကြည့်မြင်တိုင်မြို့နယ် လူငယ်လုပ်ငန်းအဖွဲ့က ထုတ်ဝေတဲ့ လူငယ်စာစောင် အတွဲအမှတ် ၁၊ ၂၊ ၃ အဲဒီ သုံးခုကို ရှာဖွေပုံစံနဲ့ သိမ်းဆည်းသွားတယ် ပေါ့နော်။

ဦးတင်မောင်ကြည်ကိုတော့ အင်းစိန်ထောင်ထဲ ပို့လိုက်ပြီလို့ကြားသိရပြီး၊ အိမ်က ကွန်ပြူတာတွေ လာသိမ်းသွားတဲ့ အတွက် နောက်ပိုင်းမှာ မိသားစုစီးပွားရေးလည်း ပျက်သွားကြောင်း၊ အခုလို သိရပါတယ်။

**ဖြေ။** ။ ဦးတင်မောင်ကြည်ကတော့ ကွန်ပြူတာလာသိမ်းသွားတော့ သူ့မိသားစုက ဒါလေးနဲ့ ထမင်း ရှာစားနေရတယ် ဆိုတော့လေ ကျန်တဲ့မိသားစုမှာတော့ စီးပွားရေးလုပ်ငန်းလေး ပျက်သွားပြီဆိုတော့ တော်တော်ကို ဆောက်တည်ရာမရ ဖြစ်နေတယ်။ အခုကတော့ လောလောဆယ်တော့ အင်းစိန်ထောင်ထဲ ရောက်သွားပြီလို့ ကျွန်တော်တို့ကြားရတာပဲလေ။

အဲဒါကတော့ ဦးတင်မောင်ကြည်နဲ့ ပတ်သက်လို့ ပြောပြသွားတာဖြစ်ပါတယ်။ အလားတူ ဦးမြင့်အေးကို လာရောက် ဖမ်းဆီးစဉ်က ယူဆောင်သွားတဲ့ပစ္စည်းတွေ အိမ်ကိုလာပြန်ပေးသွားပြီး နောက်ပိုင်း မိသားစု စိတ်ထိခိုက်ခံစားနေရပုံကို လည်း အခုလို သိရပါတယ်။

**ဖြေ။** ။ အခု ပြီးခဲ့တဲ့ (၆) ရက်နေ့က ဦးမြင့်အေးနဲ့ပါသွားတဲ့ အဝတ်အစားတွေထဲက ကော်လံကတုံး၊ ရှပ်အင်္ကျီအဖြူ (၆) ထည်၊ နောက်ပြီးတော့ ပုဆိုးက (၂) ထည်၊ ငွေက တစ်သောင်းနှစ်ထောင်၊ ခရီးဆောင် အိတ်တစ်လုံး၊ နာရီတစ်လုံး အဲဒါကို အာဏာပိုင်တွေကနေပြီးတော့ မနက် (၁၁) နာရီမှာ နေအိမ်ကို ရယက ကနေတဆင့် ပြန်ပို့တယ်။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ သူ့ရဲ့ ဦးမြင့်အေးရဲ့ ဇနီးဖြစ်တဲ့ ဒေါ်လှဲ့လှဲ့ဝင်းက အရမ်းစိတ်ထိခိုက်နေတယ်။ နှလုံးရောဂါ ဆရာဝန်နဲ့ ပြနေရတဲ့အဆင့်ထိရောက်နေတယ်။

ဘာလို့လည်းဆိုတော့ သူ့ယောက်ျားမှာ အခုလောလောဆယ် စွပ်ကျယ်ဂျိုင်းပြတ်နဲ့ ပုဆိုးနဲ့ ဒါပဲ ကျန်ခဲ့ တယ်ပေါ့။ အဲဒီတော့ သူ ဒီလောက်ချမ်းတဲ့ဆောင်းတွင်းမှာ သူဘယ်လိုဖြစ်သန်းမလဲပေါ့။ နောက်ပြီး သူ့ယောက်ျားက အသက်အား ဖြင့် (၅၂)

နှစ်ကျော်သွားပြီ။ ကျန်းမာရေးကလည်း သိပ်ကောင်းတာ မဟုတ်ဘူး။ အဲဒီတော့ ဒီအအေးဒါဏ်ကို သူခံနိုင် ပါ့မလား၊ သူစိတ်ပူနေတယ်ပေ့ါနော်။ အဲဒါကို ဘယ်လို လုပ်ရမလည်းဆိုတာ နည်းလမ်းရှာမရဖြစ်နေတယ်ပေ့ါ။

**မေး။** ။ ဦးမြင့်အေးကရော ထောင်ထဲရောက်သွားပြီလား။ ဒါမှမဟုတ် သူ စစ်ကြောရေးစခန်းမှာပဲ ရှိနေသေးတယ် လို့ ယူဆရသလား။

**ဖြေ။** ။ ထောင်ထဲရောက်သွားပြီလို့ ယူဆရတယ်ခင်ဗျ။ ဘာဖြစ်လို့လည်းဆိုတော့ သူ့မှာပါသွားတဲ့ အဝတ်အစားက သူက အမြဲတမ်း ကော်လံကတုံးအင်္ကျီအဖြူသာ သူ့မှာရှိတယ်လေ။ ဒါ့ပြင် အရောင်တွေ မရှိဘူး။ အင်းစိန်ထောင်ကို ပို့လိုက်တဲ့အခါကျတော့ အင်းစိန်ထောင်မှာ နိုင်ငံရေးအကျဉ်းသားတွေကို ကော်လံကတုံးအင်္ကျီ ရှပ်အင်္ကျီအဖြူနဲ့ ကချင် ပုဆိုးကို ပေးဝတ်လေ့မရှိဘူး။ ပေးသွင်းလေ့လည်း မရှိဘူး။ အဲဒီအခါကျတော့ သူ့ကို ပြန်ပို့တယ်ဆိုကတည်းက အင်းစိန် ထောင်ကို ပို့လိုက်တယ်လို့ ကျွန်တော်တို့ ယူဆရပါတယ်။

**မေး။** ။ ဟုတ်ကဲ့၊ ဦးမြင့်အေးနဲ့ ဦးတင်မောင်ကြည်ရဲ့ အမှုကို အန်အယ်လ်ဒီဗဟို ဥပဒေပြုအထောက် အကူပြုအဖွဲ့တွေ ဘာတွေရော၊ မိသားစုက အကူအညီမတောင်းဘူးလား။

**ဖြေ။** ။ ကျွန်တော်တို့ ဆက်သွယ်ဆောင်ရွက်နေပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ဗဟိုကော်မတီက တာဝန်ရှိတဲ့ ရန်ကုန်တိုင်းဥက္ကဌ သခင်စိုးမြင့်ကလည်း တကယ်လို့ တရားစွဲမယ်ဆိုရင် ပါတီကနေပြီးတော့ ရှေ့နေရှေ့ရပ်နဲ့ ရင်ဆိုင်ဖို့ အဆင်သင့်လုပ်ထားပါတယ်ဆိုတဲ့အကြောင်း ပြောကြားထားပါတယ်။

ဒ့ါအပြင် အင်းစိန်ထောင်ထဲမှာ ထောင်ကျနေတဲ့ ကြည့်မြင်တိုင်မြို့နယ် အန်အယ်လ်ဒီလူငယ်အဖွဲ့ဝင် ကိုမောင်မောင်လေးနဲ့ ကိုအောင်သိန်း၊ ကိုကျော်နိုင်ဦးတို့ကို့လည်း လူငယ်စာစောင်နဲ့ပတ်သက်လို့ အင်းစိန်ထောင်ထဲကနေ (၃)ရက်ကြာ ခေါ်ထုတ်စစ်ဆေးခဲ့တယ်လို့လည်း သိရပါတယ်။

**ဖြေ။** ။ နောက်တစ်ချက်က ပြီးခဲ့တဲ့ဒီပဲယင်းကိစ္စနဲ့ ဖမ်းဆီးထိန်းသိမ်းခံရတဲ့ ကြည့်မြင်တိုင်မြို့နယ် လူငယ် လုပ်ငန်းအဖွဲ့ဝင် တာဝန်ခံ (၂) ကိုမောင်မောင်လေးရယ်၊ နောက်တစ်ခါ ကြည့်မြင်တိုင် ခေတ်ပြိုင်ဂျာနယ် မိလို့ အဖမ်းခံ ရတဲ့ လူငယ်တာဝန်ခံ (၃) ကိုအောင်သိန်း၊ လူငယ်အဖွဲ့ဝင် ကိုကျော်နိုင်ဦး အဲဒီ (၃) ဦး ကိုလည်း အာဏာပိုင်တွေက အကျဉ်းထောင်ထဲမှာ ချုပ်နှောင်ထားတဲ့ နေရာကနေပြီးတော့ အပြင်ကို ခေါ်ထုတ်ပြီးတော့ (၃) ရက်စစ်ဆေးခဲ့တယ်လို့ သိရတယ်။ အဲဒီ ဖြေရှင်းခဲ့တဲ့အကြောင်းအရာတွေက လူငယ်စာစောင်နဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေလို့ သိရတယ်။

အဲဒီလိုမျိုး အာဏာပိုင်တွေကနေပြီးတော့ ဒီမိုကရေစီအင်အားစုတွေကို မထင်ရင် မထင်သလို၊ ဖမ်းဆီး ချုပ်နှောင်နေတာ တွေ ရပ်တန့်သွားအောင် နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ပြည်သူတွေက ကူညီပေးစေလိုကြောင်းလည်း ရန်ကုန်တိုင်း အန်အယ်လ်ဒီလူငယ်အဖွဲ့ဝင်က ဆက်ပြောပြပါတယ်။

**ဖြေ။** ။ မြန်မာနိုင်ငံထဲမှာက ဒီ ပါတီဝင်တွေ၊ ဒီမိုကရေစီအင်အားစုတွေကို အာဏာပိုင်တွေက မထင်ရင် မထင်သလို ဖမ်းဆီးချုပ်နှောင်မှုတွေ၊ နောက်ယှက်မှုတွေ အဲဒါတွေ ရှိနေတယ်ပေ့ါလေ။ အဲဒါတွေကို နိုင်ငံတကာ အသိုင်းအဝိုင်း အနေနဲ့ရော၊ ပြည်သူပြည်သားတွေ အနေနဲ့ရော၊ တတ်နိုင်သလောက်တော့ ဝိုင်းပြီးတော့ လုပ်ပေးကြဖို့ အဲဒါပဲ ပြောချင် ပါတယ်။

ကြည့်မြင်တိုင်မြို့နယ် အန်အယ်လ်ဒီဥက္ကဌ ဦးမြင့်အေးနဲ့ စည်းရုံးရေးကော်မတီဝင် ဦးတင်မောင်ကြည်တို့ နှစ်ဦး ဖမ်းဆီး ထောင်ချခံရတာနဲ့ ပတ်သက်လို့ အမည်မဖော်လိုသူ ရန်ကုန်တိုင်းအန်အယ်လ်ဒီ လူငယ်အဖွဲ့ဝင်တစ်ဦးနဲ့ ဆက်သွယ် မေးမြန်းခဲ့တာဖြစ်ပါတယ်။